**Ministry Of Sports And Youth Affairs**

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

**သတင်းလွှာ**

Monthly Newsletter | Volume 4, No.3 March 2026

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကန်ကြီးထောင့်၊ ကျောင်းကုန်းနှင့် ပန်းတနော်မြို့နယ်များမှ အားကစားကွင်း/အားကစားရုံများသို့ လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ မတ် ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကန်ကြီးထောင့်၊ ကျောင်းကုန်းနှင့် ပန်းတနော်မြို့နယ်များရှိ အားကစားကွင်း/အားကစားရုံများသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လူမှုရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်သို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် မီတာ ၄၀၀ မြေသားပြေးလမ်းပါ ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် မိုးလုံလေလုံအားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန်အတွက် ခြုံနွယ်များရှင်းလင်းခြင်းနှင့် မီးတားလမ်းများ ဖောက်လုပ်ဆောင်ရွက်ထားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံ ရေရှည်တည်တံ့စေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ ဂိုးတိုင်နှင့်ဂိုးပိုက်များကို စနစ်တကျ တပ်ဆင်ထားရှိပြီး အမြဲတမ်းသစ်လွင်တောက်ပစေရေးတို့အတွက် ထုံး၊ ကော်ရည်နှင့်ဆေးဖြူများ သုတ်လိမ်းသွားရန်လိုကြောင်း၊ နွေရာသီအားကစားသင်တန်းများတွင် ဆုတံဆိပ်များများရရှိနိုင်သည့် ပြေးခုန်ပစ်နှင့် အတိုက်အားကစားနည်းသင်တန်းများ ဖွင့်လှစ်၍ မျိုးဆက်သစ်အားကစားသမားများ ရရှိစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးသွားရန်လိုကြောင်း တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းအတွင်း အလျား ၁၂၀ ပေ၊ အနံ ၉၀ ပေ အားကစားခန်းမတည်ဆောက်ရန် လျာထားမြေနေရာအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အားကစားကွင်း/အားကစားရုံ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးများ ပုံမှန်ဆောင်ရွက်သွားရန်၊ အားကစားရုံအတွင်း ခိုငှက်များမဝင်ရောက်စေရေးအတွက် ငှက်ဝင်ရောက်နိုင်သည့် နေရာများကို ငှက်လုံသံဇကာများဖြင့် စနစ်တကျ ကာရံသွားရန်၊ ရေ၊ မီး သုံးစွဲမှုများ အဆင်ပြေစေရေး၊ ရေသုံးစွဲမှုလုံလောက်စွာ ရရှိစေရေး၊ ရေစင်တည်ဆောက်ထားမှုများ မပျက်စီးစေရေးအတွက် ရေစင်နှင့်သံတိုင်များကို ဆေး၊ ထုံးဖြူများ သုတ်လိမ်းသွားရန်၊ ဂိုးတိုင်၊ ဂိုးပိုက်များကို စနစ်တကျ တပ်ဆင်ထားရှိရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် အားကစားကွင်းသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားကစားကွင်း/အားကစားရုံများတွင် ပြည်သူများလာရောက်လေ့ကျင့်ကစားနိုင်စေရေး၊ အားကစားလေ့ကျင့်မှုများနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နွေရာသီအားကစား သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘောလုံးကွင်းဂိုးတိုင်များ သစ်လွင်တောက်ပအောင် ဆေးဖြူသုတ်လိမ်းထားပြီး ဂိုးပိုက်များစနစ်တကျ တပ်ဆင်သွားရန်လိုကြောင်း၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေးအတွက် စနစ်တကျ တာဝန်ပေးထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်မြင်မှုအခြေခံ “စ” ခုနစ်လုံးဆောင်ရန်
စိတ်ဓာတ်၊ စည်းကမ်း၊
စွမ်းအား၊ စည်းလုံးမှု
စံချိန်၊ စံညွှန်း၊ စံနှုန်း

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကျင်းပ





နေပြည်တော်၊ မတ် ၄

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅)ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယနေ့တွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆) ကို ၂၀၂၆ ခုနှစ်အတွက် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များကို အဓိကစွမ်းအားစုအဖြစ် ပါဝင်လာစေပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များအဖြစ်ပေါ်ထွက်လာစေရေး လူငယ်ကဏ္ဍကို ဘက်စုံ၊ ကဏ္ဍစုံမှ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်ရေးရာဦးစီးဌာနရုံးများကို အစီအစဉ်အလိုက် ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမ ဦးစားပေးအနေဖြင့် နေပြည်တော်ကောင်စီ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လူငယ်ရေးရာဦးစီးဌာနရုံးများ စတင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများခန့်ထားရေးနှင့် အုပ်ချုပ်မှုကိစ္စရပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒုတိယဦးစားပေးနှင့် တတိယဦးစားပေးအနေဖြင့် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူငယ်ရေးရာဦးစီးဌာနရုံးများ ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့များအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် အထူးမေတ္တာရပ်ခံပြောကြားလိုကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဇန်နဝါရီလ ၁၃ ရက်နေ့ မှ ၁၅ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ချီးမြှင့်၍ အဖွင့်အမှာစကားပြောကြားပေးခဲ့ပါကြောင်း၊ လူငယ်များနှင့်ပတ်သက်သည့် ဖိုရမ်များကို ကျင်းပဆောင်ရွက်ပေးခြင်းအားဖြင့် လူငယ်များချင်းချင်း အသိအမြင်၊ အတွေ့အကြုံ ဗဟုသုတများ ဖလှယ်ခွင့်ရရှိခြင်းနှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ခြင်းများကြောင့် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများကို ပိုမိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ လူငယ်အသီးသီး၏ တန်ဖိုးရှိသည့် စွမ်းရည်များ ပိုမိုတိုးတက်လာလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခုတွင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဆောင်ရွက်ရန် လူငယ်စင်တာများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ကရင်ပြည်နယ် ခရီးစဉ်တွင် လူငယ်စင်တာများကို အကျိုးရှိစွာ အသုံးချရန်လိုအပ်ပြီး ပြည်နယ်အတွက် အကျိုးရှိစေမည့်သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့်အတတ်ပညာများကို သင်ကြားပေးခြင်းနှင့် လူငယ်များသည် နောင်အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပုခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများအပြင် နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်နှင့် စည်းကမ်းတကျနေထိုင်သွားလာတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။ ဒါ့အပြင် တိုင်းပြည်၏ အခန်းကဏ္ဍများတွင် ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန်နှင့်ပြည့်စုံပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည့်အတွက် မိမိတို့အနေဖြင့် နိုင်ငံတော်နှင့်ပြည်သူကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများ ထွက်ပေါ်လာစေရန် အထူးအလေးထား၍ ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ လူငယ်ရေးရာမူဝါဒတွင်ပါရှိသည့် အဓိကကဏ္ဍ (၁၆) ရပ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်/မြို့နယ် လူငယ်ရေးရာကော်မတီများသည် အခြေခံကျသည့် အဖွဲ့အစည်းများဖြစ်၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို အဖွဲ့ဝင်များ အနေဖြင့် ထဲထဲဝင်ဝင် သိရှိနားလည်ပြီး လူငယ်များဘက်စုံဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များကို လျင်လျင်မြန်မြန် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းရန်ကျန်ရှိသည့် ခရိုင်/မြို့နယ် လူငယ်ရေးရာကော်မတီများကိုလည်း အပိုင်းလိုက်/အဆင့်လိုက် စနစ်တကျ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ယခုနှစ် နွေရာသီကျောင်းပိတ်ရက် ကာလများတွင်လည်း ယခင်နှစ်များနည်းတူ လူငယ်များအားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး ကင်းထောက်သင်တန်းများအပါအဝင် လူငယ်ကဏ္ဍစုံ မြှင့်တင်ရေး သင်တန်းများ၊ လှုပ်ရှားမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် စနစ်တကျ ဖွင့်လှစ်ပေးနိုင်ရေး တိုက်တွန်းပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ

စာမျက်နှာ ၃ သို့ ►

စာမျက်နှာ ၂ မှ အဆက်

အနေဖြင့် ဗဟိုကော်မတီဝင် ဦးဆောင်ဝန်ကြီးဌာနများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်အတူ ပူးပေါင်း၍ ၂၀၂၅ ခုနှစ်အတွင်း လူငယ်အသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းတို့တွင် လူငယ်စုစုပေါင်း ၃၀၉,၁၃၉ ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီများ၏ ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ဖွင့်လှစ်ခဲ့သည့် လူငယ်သင်တန်းများအပါအဝင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်း၊ နွေရာသီအားကစားသင်တန်း၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းတို့တွင် လူငယ်စုစုပေါင်း ၁၇၈,၂၀၅ ဦး ပါဝင်ခဲ့ကြောင်း၊ လူငယ်များကို လမ်းမှားမရောက်စေရေး၊ ခေါင်းဆောင်မှု အရည်အသွေး တိုးတက်မြင့်မားလာစေရေးနှင့် အသိပညာဗဟုသုတ တိုးပွားလာစေရေးအတွက် ရည်ရွယ်ပြီး နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများ၏ ဦးဆောင်မှုနှင့်အတူ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို ဒေသအသီးသီးတွင် ကျင်းပဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် များစွာ အားရကျေနပ်မိပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် လူငယ်ဖိုရမ်များနှင့် လူငယ်အသိပညာပေး ဟောပြောပွဲများအပြင် လူငယ်အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ကျင်းပ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ဗဟိုကော်မတီဝင်များအနေဖြင့် လူငယ်ရေးရာ မူဝါဒတွင်ပါရှိသည့် လူငယ်ကဏ္ဍ (၁၆) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးသွားရန် လိုအပ်ကြောင်း၊ စုပေါင်းခြင်းသည် အင်အားတစ်ခုဖြစ်သည့်အတွက် ဦးဆောင်ဝန်ကြီးဌာနများနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများအားလုံးအတူတကွ ပေါင်းစပ်ညှိနှိုင်းပြီး လူငယ်များအသိပညာ၊ အတတ်ပညာများအပြင်တွေးခေါ်နိုင်မှု၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဘာသာ သာသနာချစ်မြတ်နိုးစိတ်များ ပေါ်ထွက်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အမှာစကားပြောကြားရာတွင် မိမိတို့ ပညာရေးဝန်ကြီးဌာနသည် ကျောင်းတက်ဆဲနှင့် ကျောင်းပြင်ပတွင်ရှိသည့် လူငယ်များနှင့်အများဆုံးဆက်ဆံပတ်သက်ရသည့် ဝန်ကြီးဌာနဖြစ်ပြီး အခြေခံပညာကျောင်းများ၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်ကျောင်းများစွာရှိသည့်အတွက် လူငယ်ကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ Trafficking, Online game,E cigarettes, Vape ကိစ္စများနှင့်ပတ်သက်ပြီး လူငယ်အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ လှုပ်ရှားမှုများကိုကျင်းပဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူငယ်စင်တာများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးရန်နှင့် သင်ခန်းစာပေးသည့် Movie နှင့် Short Video များပြသပေးခြင်း၊ အသိပညာဗဟုသုတများစွာရရှိစေရေးအတွက် Study Tour များသွားရောက်စေခြင်း၊ ပြည်တွင်း/ပြည်ပ လေ့လာရေးခရီးစဉ်များ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် လေ့လာလိုက်ပါခွင့်များနှင့် အရည်အချင်းရှိသူများကို စနစ်တကျရွေးချယ်၍ ဒေသတွင်းအားကစား ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိအောင် ရွေးချယ်ပေးခြင်းများကို ဆောင်ရွက်ပေးသွားပါက ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကိုအကျိုးပြုနိုင်မည့် နိုင်ငံသားကောင်းရတနာများ ပိုမိုထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ၏ မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာကဏ္ဍများအလိုက် ပေါင်းစပ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မြန်မာနိုင်ငံလူငယ်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၂၅) ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များက လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီများအလိုက် အစည်းအဝေးများ၊ အားကစားပြိုင်ပွဲများ၊ ကင်းထောက်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲ အခမ်းအနားများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ဘာသာစကားနှင့် ကွန်ပျူတာသင်တန်းများ၊ နွေရာသီအားကစားသင်တန်းများ၊ လူငယ်စကားဝိုင်းများ၊ လူငယ်ဖိုရမ်အခမ်းအနားများ၊ ဖိုရမ်ထပ်ဆင့် ဆွေးနွေးပွဲများကို ကျင်းပဆောင်ရွက်ပေးခဲ့မှုများနှင့် လူငယ်စင်တာများ ဖွင့်လှစ်နိုင်ရေး၊ အနာဂတ် ခေါင်းဆောင်များဖြစ်သည့် လူငယ်များမှန်ကန်သည့်လမ်းကြောင်းပေါ်တွင် လျှောက်လမ်းနိုင်စေရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေး ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးတင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် ပြည့်ပြည့်စုံစုံဖြင့် အသေးစိတ်အကြံပြုဆွေးနွေးပေးခဲ့သည့်အတွက် တက်ရောက်လာကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွင် အဓိကအင်အားစုဖြစ်သည့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာစေရန်၊ စည်းလုံးညီညွတ်သည့် လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာတွင်အရေးပါသည့် လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်းပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မျိုးချစ်စိတ်ဓာတ် ထက်သန်ရေး အားကစားကို အစဉ်အားပေး**

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းအကောင်အထည်ဖော် လျက်ရှိသည့် Football For Schools Program ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဘောလုံးများလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ






နေပြည်တော်၊ မတ် ၆

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် Football For Schools Program ဖြင့် ပညာရေးဝန်ကြီးဌာနသို့ ဘောလုံးများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပခဲ့ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(FIFA)၊ လူမှုအကျိုးပြု ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ မြန်မာ့လက်ရွေးစင် (အမျိုးသား/အမျိုးသမီး) ဘောလုံးအသင်းမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ အစီအစဉ်အရ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဆောင်ရွက်ခဲ့သော Grassroots Football Festival လှုပ်ရှားမှု Activities များအား Video File ဖြင့် ပြသခဲ့ပြီးနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် မြန်မာ့ဘောလုံးလောကကို အထောက်အပံ့ ဖြစ်စေသည့် အခမ်းအနားဖြစ်၍ ထူးခြားဝမ်းမြောက် ကြည်နူးရပါကြောင်း၊ နိုင်ငံတော်မှ အားကစားကို အထူးအလေးထားအားပေးလျက်ရှိပြီး မျိုးဆက်သစ် ဘောလုံးအားကစားသမားများအတွက်သာမက မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အမျိုးသားအားကစားဖြစ်သည့် ဘောလုံးအားကစားနည်းကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင်ရှိသည့် စာသင်ကျောင်းများ၌ ဘောလုံးအားကစားနည်းကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားနိုင်စေရန် Football For Schools Program ကို အကောင်အထည်ဖော်နိုင်ရန် စတင်သည့် အခမ်းအနားဖြစ်၍ အနာဂတ်တွင် ကျောင်းသား/ကျောင်းသူ လူငယ်များ ကျန်းမာကြံ့ခိုင်ရေးကို ပိုမိုအထောက်အကူဖြစ်စေရန် ဘောလုံးကွင်းများကို ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံပေါင်း ၂၀၀ ကျော် ပါဝင်သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) ၏ International Football Program တစ်ခုဖြစ်သည့် Football For Schools Program သည် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိက အထောက်အကူပေးနိုင်သည့် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် အားကစားကဏ္ဍသည် အရေးပါသည်ဖြစ်၍ ယခုလို အားကစားလှုပ်ရှားဆောင်ရွက်နိုင်ရန် Football For Schools အစီအစဉ်များအရ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ပံ့ပိုးပေးအပ်သည့် Adidas အမှတ်တံဆိပ် ဘောလုံးများကို လှူဒါန်းပေးသည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တစ်နိုင်ငံလုံးတွင်ရှိသည့် ကျောင်းများတွင် Football For Schools အစီအစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ့ဘောလုံးလောကကို ပြန်လည်ဦးမော့လာစေရန် သဒ္ဓါထက်သန်၍ စိတ်အားထက်သန်စွာဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ အခမ်းအနားသည် မြန်မာ့ဘောလုံးလောကကို မြှင့်တင်ပေးနိုင်ရန် အထောက်အကူပြုသည့် မင်္ဂလာရှိသောနေ့ဖြစ်ပါကြောင်း၊ လူမှုမိသားစုဘဝကို များစွာမြှင့်တင်ပေးနိုင်ပြီး ဘောလုံးအားကစားသမားကောင်းများကို မွေးထုတ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်၍ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် ကျောင်းသား/ကျောင်းသူများအနေဖြင့် အခြေခံနည်းစနစ်များကို သေသေချာချာ သင်ယူလေ့ကျင့်ပြီးမှ ကစားသွားရန်နှင့် ပညာလည်းတော်၊ အားကစား လည်းတော်သည့် နိုင်ငံ့သားကောင်း/သမီးကောင်း ရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၊ လူမှုအကျိုးပြုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က Football For Schools အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်း



စာမျက်နှာ ၅ သို့ ►

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာအားကစား အဖွဲ့များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ မတ် ၇

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားအဖွဲ့များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်နောက်ပိုင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ယခင်ကာလများနှင့် မတူဘဲ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊ အားကစားသမားများ၏ ဘဝနောင်ရေးအတွက် မြန်မာ့လက်ရွေးစင် အားကစားသမားများကို ဝန်ထမ်းအဖြစ် အလုပ်ခန့်အပ်ပေးခြင်းများအပြင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသူ လက်ရွေးစင်အားကစားသမားဟောင်းကြီးများဖြစ်ကြသည့် အသက် ၆၀ ကျော် အားကစားသမားများကို ကမ္ဘာ့အဆင့်၊ အာရှအဆင့်နှင့် အရှေ့တောင်အာရှအဆင့် စသည့်ဖြင့် ပြိုင်ပွဲအဆင့်နှင့်အညီ ဆုတံဆိပ် တစ်ခုလျှင် ၃ သိန်း၊ ၂ သိန်း၊ ၁ သိန်းနှုန်းများဖြင့် သက်ရှိထင်ရှားကာလတစ်လျှောက်လုံး လစဉ်ထောက်ပံ့ကြေးများကို ချီးမြှင့်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ စေတနာရှင်လုပ်ငန်းရှင်များက မြန်မာ့လက်ရွေးစင် အားကစားအဖွဲ့များကို တစ်ဖက်တစ်လမ်းမှ ချီးမြှင့်ထောက်ပံ့ပေးခဲ့ခြင်းသည် နောင်မျိုးဆက်သစ် အားကစားသမားများအတွက် အတုယူအားကျ လေးစားကြည်နူးဖွယ်ရာဖြစ်၍ အားကစားသမားများ ကာယခွန်အားများသာမက စိတ်ခွန်အားကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားစေသူများ၊ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မြန်မာ့အားကစားကို ချစ်မြတ်နိုးစိတ်များဖြင့် အဖက်ဖက်မှ ထောက်ပံ့လှူဒါန်းပေးခဲ့ကြသည့် လုပ်ငန်းရှင်များ၊ စေတနာရှင်အလှူရှင်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အလှူရှင်များအနေဖြင့် မြန်မာ့အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မြန်မာ့အားကစားလောက ပြန်လည်ဦးမော့လာစေရေးအတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံဖြင့် ဆက်လက်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစီအစဉ်အရ မြန်မာအားကစားအဖွဲ့များအတွက် ထိုင်းဘတ်ငွေ ၃၅.၅ သိန်း ပံ့ပိုးလှူဒါန်းပေးခဲ့သည့် ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်း၊ ထိုင်းဘတ်ငွေ ၁ သိန်း ပံ့ပိုးလှူဒါန်း ပေးခဲ့သည့် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ

စာမျက်နှာ ၆ သို့ ▶

စာမျက်နှာ ၄ မှ အဆက် ▶

ပြောကြားရာတွင် လူ့အရင်းအမြစ်များစွာရှိသည့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ ပူးပေါင်းဆောင်ရွက်တတ်မှု အလေ့အကျင့်ကောင်းများနှင့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုကျင်းပသည့် Football For Schools Program သည် မြန်မာ့ဘောလုံးအားကစားလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်စေရန် အစပျိုးသည့်အခမ်းအနားဖြစ်၍ ကျောင်းသား/ကျောင်းသူများအားလုံး ဘောလုံးကစားတတ်စေရန်၊ ထူးချွန်အားကစားသမားများ ရွေးချယ်ခြင်း၊ နည်းပြများနှင့် ဒိုင်လူကြီးများအား မွေးထုတ်ပေးရန်၊ သင်တန်းများဖွင့်လှစ်ပေးရန်၊ ပြိုင်ပွဲများ ကျင်းပပေးရန်နှင့် ပြိုင်ပွဲများစေလွှတ်ယှဉ်ပြိုင်နိုင်စေရန် တို့အတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Adidas အမှတ်တံဆိပ်ဘောလုံး ၄၂၇၆၀ ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဦးဇော်ဇော်တို့က လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က လက်ခံရယူခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာ့လက်ရွေးစင်ကစားသမားများနှင့် ကျောင်းသား/ကျောင်းသူများ၏ အပျော်တမ်း Mini Football Game ကစားနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# (ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





နေပြည်တော်၊ မတ် ၈

၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၌ကျင်းပပြုလုပ်ခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ အီတလီနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၂၀) ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် မြန်မာအသင်းအနေဖြင့် အမျိုးသမီး (၂) ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ အမျိုးသား+အမျိုးသမီး (၄) ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၂) ယောက်တွဲ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုစီနှင့် အမျိုးသား (၄) ယောက်တွဲ ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ စုစုပေါင်း ဆုတံဆိပ် လေးခု ရရှိခဲ့ပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ယခုလို အောင်မြင်မှု ဆုတံဆိပ်များ ဆွတ်ခူးရယူပေးနိုင်ခြင်းသည် နိုင်ငံတော်နှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသာမက နိုင်ငံတော်၏အားကစားအဆင့်အတန်း တိုးတက်မြင့်မားခြင်းကို ဖော်ဆောင်နိုင်ခြင်းဖြစ်သည့်အတွက် ယခုလို ဂုဏ်ပြုချီးမြှင့်ပေးရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေဖြင့် စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် ၁၉၉၁ ခုနှစ်မှ စတင်၍ ယနေ့ထိ ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ် (၄)ခု၊ ငွေတံဆိပ် (၂၀) ကျော်၊ ကြေးတံဆိပ် (၃၀) ကျော်၊ အာရှအဆင့်ပြိုင်ပွဲများမှာ ရွှေတံဆိပ် (၆) ခု၊ ငွေတံဆိပ် (၁၀) ခု၊ ကြေးတံဆိပ် (၁၀) ခုနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၁၈) ခု၊ ငွေတံဆိပ် (၂၀) ခု၊ ကြေးတံဆိပ် (၃၀) ကျော်ထိ ဆွတ်ခူးရရှိထားပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ယနေ့ထိ ရွှေတံဆိပ် (၂၈) ခု၊ ငွေတံဆိပ် (၅၀) ကျော်၊ ကြေးတံဆိပ် (၆၀) ကျော်ထိ ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့သည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်း အားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ပိုက်ကျော်ခြင်းအားကစားနည်းသည် ပြည်သူများ ဒုတိယအများဆုံး စိတ်ပါဝင်စားစွာလေ့ကျင့်ကစားနေကြသည့် အားကစားနည်းတစ်ခု ဖြစ်ကြောင်း

စာမျက်နှာ ၇ သို့ ►

စာမျက်နှာ ၅ မှ အဆက် ►

မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ မြန်မာကျပ်ငွေ သိန်း ၁၀၀၀ စီ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သန်လျင်ရော ကုမ္ပဏီလီမိတက်တို့ကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ကလည်းကောင်း၊ မြန်မာကျပ်ငွေ သိန်း ၅၀၀ စီ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Myanmar Oasis Manufacting Co.,Ltd, Shining Myanmar Co.,Ltd, မြန်မာကျပ်ငွေ သိန်း ၄၀၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Reva Co.,Ltd နှင့် မြန်မာကျပ်ငွေ သိန်း ၃၀၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ မြန်မာကျပ်ငွေ သိန်း ၃၀၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် မြတ်ရွှေညဏ်ကုမ္ပဏီလီမိတက်၊ မြန်မာကျပ်ငွေ သိန်း ၁၅၀ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Mizzima Star Co.,Ltd ၊ မြန်မာကျပ်ငွေ သိန်း ၁၀၀ စီ ပံ့ပိုးလှူဒါန်းပေးခဲ့သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ်တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ မြန်မာကျပ်ငွေ သိန်း ၁၀၀ စီနှင့် သိန်း ၅၀ တို့ကို ပံ့ပိုးလှူဒါန်းပေးခဲ့သည့် Design Mandalay Co.,Ltd, Gread Zawgi Co.,Ltd နှင့် ရွှေရောမင်းကုမ္ပဏီလီမိတက်တို့ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ မြန်မာကျပ်ငွေ သိန်း ၅၀ စီနှင့် ကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းပေးခဲ့သည့် ပြည်သစ်စံကုမ္ပဏီ လီမိတက်၊ လင်းမြတ်နိုင်ကုမ္ပဏီလီမိတက်နှင့် Aung Gyi Mg Co.,Ltd တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးကလည်းကောင်း၊ မြန်မာကျပ်ငွေ ၁၀ သိန်းနှင့် ကျပ် ၅ သိန်းတို့ကို ပေးအပ်လှူဒါန်းပေးခဲ့သည့် Royal Ayar Co.,Ltd နှင့် QC (Zay Min) Co.,Ltd တို့ကို လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးကလည်းကောင်း အသီးသီးဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ အခမ်းအနား အားရုပ်သိမ်းခဲ့သည်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားအဖွဲ့များအတွက် စေတနာရှင်အလှူရှင်များက စုစုပေါင်း ထိုင်းဘတ်ငွေ ၃၆.၅ သိန်းနှင့် မြန်မာငွေကျပ် သိန်း ၄၇၃၀ တို့ကို ပေးအပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





နေပြည်တော်၊ မတ် ၁၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ခံ ညွှန်ကြားရေးမှူးများ၏ အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍမြှင့်တင်ပေးနိုင်စေရေး၊ မြန်မာ့အားကစားပြန်လည်ဦးမော့လာစေပြီး အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ရှာဖွေဖော်ထုတ်ပေးနိုင်စေရေးနှင့် အဆင့်မီအရည်အသွေးကောင်းမွန်သည့် အားကစားကွင်း/အားကစားရုံနှင့် ရေကူးကန်များကို အဆင့်မြှင့်တင် တည်ဆောက်ပြီးစီးစေရေးတို့အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် “နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေး”ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် အားကစားကဏ္ဍကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အဓိကထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာ့အားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများကလည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပြိုင်ပွဲမသွားမီကာလ၊ ပြိုင်ပွဲကာလနှင့် ပြိုင်ပွဲပြီးကာလများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ ထောက်ပံ့ချီးမြှင့်ပေးခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့သူများကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်

စာမျက်နှာ ၈ သို့ ►

စာမျက်နှာ ၆ မှ အဆက် ►

ယခုလို ပိုက်ကျော်ခြင်း အားကစားနည်းကို စိတ်ပါဝင်စားသူများစွာရှိသည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲများကျင်းပပေးခြင်း၊ မျိုးဆက်သစ် အားကစားသမားများစွာ ရှာဖွေဖော်ထုတ်ပေးခြင်းနှင့် နည်းပြ/ဒိုင်သင်တန်း ဖွင့်လှစ်ပေးခြင်းများပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများအနေဖြင့် ယခုအောင်မြင်မှုများနှင့် ကျေနပ်နှစ်သိမ့်မနေကြရန်နှင့် လာမည့်နိုင်ငံတကာအားကစားပြိုင်ပွဲများ၊ အာရှအားကစားပြိုင်ပွဲများ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် ကမ္ဘာ့အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိအောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးမင်းမင်းထိုက်က အိန္ဒိယနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ခဲ့မှု အခြေအနေများ၊ ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြခဲ့ပြီးနောက် (၂) ယောက်တွဲ အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ယမုံဇင်၊ ခင်နှင်းဝေနှင့် ဖြူဖြူသန်းတို့အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လည်းကောင်း၊ (၄) ယောက်တွဲ အမျိုးသား+အမျိုးသမီးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ခင်နှင်းဝေ၊ ဖြူဖြူသန်း၊ ဖူးဖူး၊ ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် ဇင်ကိုကိုတို့ အတွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ (၂) ယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်နှင့် အောင်မျိုးကျော်တို့ အတွဲကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ (၄) ယောက်တွဲ အမျိုးသားပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် ဇော်မင်းခန့်၊ ရှိန်းဝဏ္ဏဇော်၊ အောင်မျိုးကျော်၊ ဇင်ကိုကို၊ သန့်ဇင်ထွန်းနှင့် သက်ပိုင်စိုးတို့အတွဲကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြအဖွဲ့တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲဝင့်ထွန်းတင် တို့ကလည်းကောင်း ဂုဏ်ပြုဆုကြေးငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဆုရအားကစားသမားများကိုယ်စား ရွှေတံဆိပ် ၁ ခုနှင့် ငွေတံဆိပ် ၁ ခု ဆွတ်ခူးရယူပေးခဲ့သည့် အားကစားသမား ခင်နှင်းဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။ ယနေ့ကျင်းပပြုလုပ်သည့် ISTAF SEPAKTAKRAW WORLD CUP 2025 ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိခဲ့သည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားတွင် စုစုပေါင်းငွေကျပ် သိန်း ၁၄၄၀ တို့ကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော်၊ မတ် ၁၂

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နေပြည်တော်(ရုံးချုပ်)နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ခံ ညွှန်ကြားရေးမှူးများ၏ အားကစားကဏ္ဍနှင့်လူငယ်ကဏ္ဍမြင့်တင် ပေးနိုင်စေရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ လုပ်ငန်းဆောင်ရွက်နေမှုများ၊ လူငယ်စင်တာများကို တည်ဆောက်ပေးနိုင်ရေး ဘတ်ဂျက်လျာထားဆောင်ရွက်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃၁) ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ ဝန်ကြီး

စာမျက်နှာ ၉ သို့ ►

စာမျက်နှာ ၇ မှ အဆက် ►

ပေးခဲ့သည်ကိုတွေ့ရှိခဲ့ရပါကြောင်း၊ တာဝန်ခံညွှန်ကြားရေးမှူးများ အနေဖြင့် ရွှေတံဆိပ်ဆုများများရရှိနိုင်ပြီး အိုလံပစ်အားကစားနည်းများဖြစ်သည့် ရေကူး၊ ပြေးခုန်ပစ်စသည့် အားကစားနည်းများအတွက် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး နွေရာသီ ကျောင်းပိတ်ကာလတွင် အခြေခံသင်တန်းများ ဖွင့်လှစ်၍ အားထည့် ဆောင်ရွက်ပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်ဖြစ်သည့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မူဝါဒနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ဘတ်ဂျက်လျာထားမှုများနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံတင်ပြပေးသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် ရုံးချုပ် (နေပြည်တော်)မှ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၆) လပတ်အတွင်း ရုံးလုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ Grade -12 စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း မြင့်မားစေရေးဆောင်ရွက်ခဲ့မှု၊ အားကစားကဏ္ဍအဖြစ် အားကစားသမားများရွေးချယ်၍ ပြိုင်ပွဲများ စေလွှတ်ယှဉ်ပြိုင်ခဲ့မှု၊ အားကစားပြိုင်ပွဲများကျင်းပပေးနိုင်ခဲ့မှု၊ နွေရာသီ အားကစားသင်တန်းများ၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်းသို့ အားကစားသမား ပေးပို့နိုင်ခဲ့မှုအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့ပေးခဲ့မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဘတ်ဂျက်လျာထားမှုအခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအား အသီးသီး ဆွေးနွေးတင်ပြခဲ့ကြပြီးနောက် ဌာနခွဲများအလိုက် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က သက်ဆိုင်ရာဌာနခွဲများမှ လုပ်ငန်းဆောင်ရွက်နေမှု ကဏ္ဍများအလိုက် အသီးသီးလိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးများက အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ဌာနခွဲများအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ အားကစားကွင်း/အားကစားရုံများကို အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး ဘတ်ဂျက်လျာထားမှုအခြေအနေ၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေပြီး အဆင့်မီအရည်အသွေး ကောင်းမွန်စေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းများဖြစ်သည့်အတွက် ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း/စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဆက်လက်လုပ်ကိုင် ဆောင်ရွက်သွားရန် လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် Mass Sports မှ Excellent Sports အဆင့်ထိ တက်လှမ်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဒီဇင်ဘာ လူထုစုပေါင်းလမ်းလျှောက်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခြင်းနှင့် ပြည်သူလူထုအား စုပေါင်းပါဝင်နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်းများ၊ အားကစားပြိုင်ပွဲများကျင်းပပေးခြင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများနှင့် အားကစားနှင့်ကာယပညာသိပ္ပံများပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိစေရေးအတွက် စခန်းသွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မျိုးဆက်သစ်အားကစားသမား ရှာဖွေဖော်ထုတ်၍ ပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်းများ၊ အဆင့်မီအားကစားကွင်း/အားကစားရုံနှင့် ရေကူးကန်များတည်ဆောက်ပေးနိုင်ရေးအတွက် ဘတ်ဂျက်လျာထားမှုများကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့်ပြည်နယ် အစိုးရအဖွဲ့များ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့ပြီး ဝန်ထမ်းများ ရာထူးတိုးမြှင့်ပေးခြင်းနှင့် ပြောင်းရွှေ့ကိစ္စရပ်များတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို ဘုတ်အဖွဲ့များဖြင့် စနစ်တကျဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဝန်ထမ်းများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အချိန်နှင့် တစ်ပြေးညီ အဆင့်ဆင့်ဆက်လက်သတင်းပို့ တင်ပြပေးသွားရန် မှာကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန အခမ်းအနားမှူးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော်၊ မတ် ၂၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း/အမှုထမ်းများအနက်မှ အစည်းအဝေးများ၊ အခမ်းအနားများတွင် လိမ္မာပါးနပ်၍ ဖြတ်ထိုးဉာဏ်၊ အရည်အချင်းရှိပြီး ထူးချွန်ထက်မြက်သော၊ အသံကြည်လင် ပြတ်သားစွာဖြင့် ဆောင်ရွက်နိုင်သည့် အခမ်းအနားမှူးကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall (ဘက်စုံသုံးခန်းမ)၌ ကျင်းပခဲ့သည်။

စာမျက်နှာ ၁၀ သို့ ►

စာမျက်နှာ ၈ မှ အဆက် ►



ဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် အားကစားကဏ္ဍအပြင် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူ ဆောင်ရွက်ကြမည့် အနာဂတ်ခေါင်းဆောင်များဖြစ်သည့် လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်လာစေရေးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူငယ်ကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်စေရန် လူငယ်ရေးရာဦးစီးဌာန ဝန်ထမ်းအင်အားများ တိုးချဲ့ခန့်အပ်ပေးခြင်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လူငယ်စင်တာများကို ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်များ အချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရေး၊ အတူတကွပူးပေါင်းဆောင်ရွက်တတ်စေရေး၊ အတွေ့အကြုံ ဗဟုသုတများကို ဖလှယ်ခွင့်ရရှိစေရေးနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို မြတ်နိုးလေးစားတန်ဖိုးထားတတ်စေရေးတို့အတွက် လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးအစီအစဉ်များ၊ လူငယ်စကားဝိုင်းများ၊ လူငယ်အသိပညာပေးဟောပြောပွဲများနှင့် သက်မွေးသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးသွားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်ဖြစ်သည့် အားကစားကဏ္ဍအပြင် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဆက်စပ်အဖွဲ့အစည်းများ၊လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မိမိတို့ ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မူဝါဒနှင့်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ဘတ်ဂျက်လျာထားမှုများနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံတင်ပြပေးသွားရန်လိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် ရုံးချုပ်(နေပြည်တော်)မှ ဌာနခွဲ တာဝန်ခံညွှန်ကြားရေးမှူးများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒုတိယ(၆)လပတ်အတွင်း ရုံးလုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ လူငယ်ကဏ္ဍအဖြစ် လူငယ်စင်တာ တည်ဆောက်ပြီးစီးမှု၊ လူငယ်စကားဝိုင်းများ၊ လူငယ်ဆွေးနွေးပွဲများ၊ လူငယ်ဖိုရမ်ထပ်ဆင့်ဆွေးနွေးပွဲများနှင့် သက်မွေးသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများအား အသီးသီး ဆွေးနွေးတင်ပြခဲ့ကြပြီးနောက် ဌာနခွဲများအလိုက် တာဝန်ခံဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က သက်ဆိုင်ရာဌာနခွဲများမှ လုပ်ငန်းဆောင်ရွက်နေမှု ကဏ္ဍများအလိုက်အသီးသီး လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးများက လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ဌာနခွဲများအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူငယ်စင်တာများကို ဆက်လက်တည်ဆောက် ပေးနိုင်စေရေးနှင့် လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ သက်မွေးသင်တန်းများကို ကျင်းပပြုလုပ်ပေးနိုင်ရေးတို့အတွက် ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်လျာထား၍ ထည့်သွင်းရေးဆွဲပြီး တွက်ချက်တင်ပြဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လူငယ်စင်တာ ဆောက်လုပ်ရန် မြေနေရာရှာဖွေခြင်းများနှင့် ခွင့်ပြုမိန့်များရရှိစေရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးများနှင့်ပြည်နယ် အစိုးရအဖွဲ့များ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်ဖိုရမ်များနှင့် လူငယ်လေ့လာရေး ခရီးစဉ်များသို့စေလွှတ်မည့်သူများကို စနစ်တကျရွေးချယ်ပြီး ထူးချွန်သူများကို သေသေချာချာရွေးချယ်စေလွှတ် ပေးသွားရန်လိုကြောင်း၊ အခမ်းအနားကျင်းပခဲ့မှုမှတ်တမ်းများကို အစီရင်ခံစာ၊ ကြည်လင်ပြတ်သားသည့် မှတ်တမ်းဓာတ်ပုံများနှင့်အတူ ပြည့်ပြည့်စုံစုံပေးပို့တင်ပြပေးသွားရန် တိုက်တွန်းမှာကြားခဲ့ပြီး တင်ပြချက်များအပေါ် ဝန်ထမ်းများ၏ အခက်အခဲများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် Mobile Phone နှင့် Tablet များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးချုပ်(နေပြည်တော်)၊ အားကစားနှင့်ကာယပညာသိပ္ပံများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အရာထမ်း၊ အမှုထမ်းများကို မဲစနစ်ဖြင့် ကံစမ်းမဲဖောက်ပေးခဲ့ပြီး ပြန်လည်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

# မြန်မာနိုင်ငံကင်းထောက်လူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော်၊ မတ် ၂၄

မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီနယ်မြေ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံ ကင်းထောက်လူငယ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အ.ထ.က (၁၁) ၌ ကျင်းပခဲ့သည်။

ဦးစွာ အ.ထ.က(၁၁)ကျောင်းမှ ကျောင်းသား/ကျောင်းသူလူငယ်လေးများက မြန်မာနိုင်ငံ ကင်းထောက်လူငယ်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီးနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်၏ အနာဂတ်အတွက် လူငယ်များကိုအရေးပါသည့် အရင်းအမြစ်များ အဖြစ်သတ်မှတ်ပြီး လူငယ်များ၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်မူဝါဒ အဓိကကဏ္ဍ(၁၆)ရပ်အား ထိရောက်စွာကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား/ကျောင်းသူများ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အားလပ်ချိန်များကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန်အတွက် ကင်းထောက်သင်တန်းများ အပါအဝင် လူငယ်များ အကျိုးရှိစေမည့် နွေရာသီ အားကစားလေ့ကျင့်ရေးသင်တန်း များအပြင် ကဏ္ဍစုံလှုပ်ရှားမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတို့တွင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကင်းထောက်လူငယ်သင်တန်းသည် လူငယ်များအနေဖြင့် တာဝန်

စာမျက်နှာ ၁၁ သို့ ►

စာမျက်နှာ ၉ မှအဆက် ►



ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အတွင်းရှိ အရာထမ်း/အမှုထမ်းများ အနေဖြင့် မိမိတို့ဌာနအတွင်း ကျင်းပပြုလုပ်သည့် အခမ်းအနားများ၊ ပြိုင်ပွဲများ၊ အစည်းအဝေးများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် အခမ်းအနားမှူးများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ယခုသင်တန်းအား ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်တန်းနည်းပြ ဆရာမ ဒေါ်သန်းသန်းဝင်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနတွင် နှစ်ပေါင်း (၃၄) နှစ်ကျော် တာဝန်ထမ်းဆောင်ပြီး အစီအစဉ်ကြေငြာခြင်း၊ အစီအစဉ်အသစ်များ ထုတ်လုပ်ဖန်တီးခြင်း၊ စာမူများရေးသားခြင်းနှင့် ယနေ့တိုင် အနာဂတ်မျိုးဆက်သစ် အခမ်းအနားမှူးများ စဉ်ဆက်မပြတ် ထွက်ပေါ်စေရေးအတွက် အခမ်းအနားမှူးသင်တန်းများကို ပို့ချပေးနေသူတစ်ဦးဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အခမ်းအနားမှူးတစ်ယောက် သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များ၊ အသံနေအသံထားမှအစ ကိုယ်ဟန်အနေအထားများ အားလုံးကို ဂရုတစိုက်မှတ်သားပြီး ကိုယ်ပိုင်အားလပ်ချိန်များတွင် အမြဲလေ့ကျင့်ဆောင်ရွက်သွားစေလိုကြောင်း၊ လေ့ကျင့်မှုများမှတဆင့် အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်လာပြီး မိမိဦးစီးဌာနနှင့် ဝန်ကြီးဌာနအတွက် များစွာအကျိုးရှိသည့်အပြင် မိမိကိုယ်ကျိုးအတွက် ပြင်ပအခမ်းအနားများတွင် လိုက်ပါဆောင်ရွက်ခွင့်ရရှိလာမည်ဆိုလျှင် အသက်မွေးဝမ်းကြောင်း ပညာတစ်ရပ်အဖြစ် များစွာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အစည်းအဝေးနှင့် အခမ်းအနားကြီးတစ်ခုလုံးကို အစမှအဆုံး အဆင်ပြေချောမွေ့စွာပြီးမြောက်အောင် ဆောင်ရွက်ပြီး အချိန်နှင့်တစ်ပြေးညီ မူလပုံမှန်အစီအစဉ်မှ ရုတ်ချည်းပြောင်းလဲသွားနိုင်မည့် အခြေအနေတစ်ရပ်ကို ရဲရဲဝံ့ဝံ့ ဖြေရှင်းသွားနိုင်မည့် အခမ်းအနားမှူးကောင်းများအဖြစ် မွေးထုတ်ပေးမည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ ယခုသင်တန်းတွင် အခမ်းအနားသို့ တက်ရောက်လာမည့်သူများအနက် နိုင်ငံခြားသားများပါရှိခဲ့လျှင် သုံးနှုန်းရမည့်အဆင့် အနေအထားအရ စကားအသုံးအနှုန်းများကို တစ်ပါတည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား/သင်တန်းသူများ အနေဖြင့် သင်ကြားပို့ချပေးမည့် ဘာသာရပ် များကို ဂရုတစိုက်လေ့လာသင်ယူမှတ်သားပြီး ရုံး၊ ဌာနများ၏ အစည်းအဝေးများ၊ အခမ်းအနားငယ်များတွင် အခမ်းအနားမှူးများအဖြစ် လေ့ကျင့်ဆောင်ရွက်၍ တဖြည်းဖြည်း ပိုမိုတည်ငြိမ်ရင့်ကျက်ပြီးအောင်မြင်သည့် အခမ်းအနားမှူးကောင်းတစ်ယောက်ဖြစ်လာအောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားမှူးသင်တန်းကို ၂၀၂၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့မှ (၂၆) ရက်နေ့အထိ သင်တန်းကာလ (၄) ရက်တွင် သင်တန်းနည်းပြဆရာမများအဖြစ် ဒေါ်သန်းသန်းဝင်းနှင့် လက်ထောက်နည်းပြဆရာမအဖြစ် ဒေါ်မိုးသီတာတို့က သင်တန်းသား/သင်တန်းသူ ၂၉ ဦးတို့အား နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall (ဘက်စုံသုံးခန်းမ)၌ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။



# ၂၀၂၆ ခုနှစ်၊ နွေရာသီ အခြေခံအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ





နေပြည်တော်၊ မတ် ၂၆

နွေရာသီအားလပ်ရက်တွင် လူငယ်များ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်ပြီး အားကစားနည်းအလိုက် နည်းစနစ်များ မှန်ကန်စွာ သိရှိတတ်ကျွမ်းနားလည်လာစေရန်၊ အရည်အချင်းမီ အားကစားသမားများ ရှာဖွေဖော်ထုတ်၍ နိုင်ငံတော်မှအားထားရပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရေး အထောက်အကူပြုစေရန်တို့အတွက် ရည်ရွယ်၍ နွေရာသီ အခြေခံအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ရွှေကြာပင် အားကစားရုံ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးဇော်မြင့်ဦး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့သည်။

ဦးစွာ အခမ်းအနားအစီအစဉ်အရ နွေရာသီအခြေခံအားကစားသင်တန်းသို့ တက်ရောက်မည့် သင်တန်းသား/သင်တန်းသူများက အားကစားနည်းအလိုက် ကွင်းအတွင်းနေရာယူပြီးနောက် နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး နွေရာသီအခြေခံအားကစားသင်တန်းအား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး သင်တန်းသို့ တက်ရောက်ကြမည့် အားကစားနည်း

စာမျက်နှာ ၁၂ သို့ ►

စာမျက်နှာ ၁၀ မှအဆက် ►





သိသည့် နိုင်ငံသားကောင်းများ ဖြစ်လာစေရန်အတွက် ပုံသွင်းဖန်တီးသည့်နေရာဖြစ်ကြောင်း၊ လူငယ်လူရွယ်များ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တများ ကောင်းမွန်လာအောင် ပြုပြင်ပေးပြီး စိန်ခေါ်မှုများကို ရဲရဲဝံ့ဝံ့ကျော်လွှားရဲသည့် လူငယ်များ၊ နိုင်ငံတော်ကအားထားရသည့် လူငယ်များအဖြစ် လူမှုအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ သွန်သင်ဆုံးမမှုများကို ရိုသေစွာ လိုက်နာတတ်သည့် အလေ့အထများရရှိစေရန်နှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းတတ်သည့် အလေ့အထကောင်းများ၊ သူတစ်ပါးကိုဖေးမကူညီလိုသည့် စိတ်ကောင်းစိတ်မြတ်များနှင့် လောကကောင်းကျိုး၊ နိုင်ငံ့အကျိုး၊ အများကောင်းကျိုးများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည့် လူကောင်းလူတော်များ၊ လူရည်ချွန်များ အများအပြား ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ယခုသင်တန်းအား ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ ကင်းထောက်ကို ရှေးယခင်က "ရန်သူအခြေအနေကို ကြိုတင်သိရှိဖို့အတွက် စုံစမ်းထောက်လှမ်းသည်"ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း၊ ကင်းထောက် ကတိ (၃)ပါးနှင့် ကင်းထောက်ကျင့်ဝတ် (၁၀) ပါးတို့ကို လိုက်နာထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ လူမှုဘဝအတွက် အထောက်အကူများစွာ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူသွားကြရန်နှင့် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှ သယ်ပိုးဆောင်ရွက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်ရာတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်နိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသည့် ကင်းထောက်လူငယ်မောင်မယ်များ ဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားခဲ့ပြီး ၂၀၂၆ ခုနှစ်၊ နေပြည်တော်ကောင်စီနယ်မြေ ကင်းထောက်လူငယ်သင်တန်းအတွက် ရဲမာန်ဆောက်လုပ်ရေးကုမ္ပဏီ၊ Wisdom Hill Private School နှင့် Guardian Private School တို့က လှူဒါန်းငွေကျပ် (၁၀)သိန်းစီ ပေးအပ်လှူဒါန်းခဲ့ရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ပြီးနောက် အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# နွေရာသီ အခြေခံရေကူးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ






နေပြည်တော်၊ မတ် ၂၆

ရေကူးအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အရေးကြုံက သက်လုံကောင်းစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်သည့် နွေရာသီအခြေခံ ရေကူးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ရေကူးကန်၌ ကျင်းပခဲ့သည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် မိမိတို့ ဝန်ကြီးဌာန အနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး၊ အားကစားနည်းအလိုက် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရေး၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများရရှိစေရေးနှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရေးတို့အတွက် အားကစားကဏ္ဍနှင့်လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် အားကစားနှင့်ကာယပညာဦးစီးဌာန အစီအစဉ်ဖြင့် နွေရာသီအခြေခံ ရေကူးသင်တန်းများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၊ ရန်ကုန်မြို့ရှိ ဦးဝိစာရရေကူးကန်နှင့် မြောက်ဒဂုံ ရေကူးကန်တို့တွင် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အသီးသီး ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးရှိ အားကစားနှင့်ကာယပညာကော်မတီများနှင့် ပူးပေါင်းပြီး တစ်ပြည်လုံး အတိုင်းအတာဖြင့် နွေရာသီအခြေခံ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်မှု မြင့်မားလာစေခြင်းအပြင် ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာစေရေး၊ နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များ အားကစားနည်း အခြေခံများကို လေ့လာလိုက်စားခြင်းဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးပြုတတ်လာစေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးမြင့်မားသည့် အားကစားမောင်မယ်များ ထွက်ပေါ်လာစေရေးတို့ကို ရည်ရွယ်ပြီး ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ အားလပ်ချိန်တွင် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေရေးနှင့် ရေကူးအားကစားနည်းကို အရှိန်အဟုန်မြင့် ဆက်လက်လေ့ကျင့်နိုင်စေရန် ဝဏ္ဏသိဒ္ဓိရေကူးအသင်းကို ပြန်လည်ဖွဲ့စည်းဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံ၍ အဆင့်မြင့်အားကစား ပညာရပ်များကို ဆက်လက်လေ့လာလိုက်စားပြီး နိုင်ငံတကာ ရေကူးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်၍ ဆုတံဆိပ်များရယူပေးနိုင်ပြီး နိုင်ငံ့ဂုဏ်မြင့်တင်ပေးနိုင်သည့် ရေကူးအားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ဆက်လက်ပြီး အသက် (၁၆) နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံရေကူး သင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း၊ အသက် (၁၂) နှစ်အထက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံ




စာမျက်နှာ ၁၃ သို့ ►

စာမျက်နှာ ၁၁ မှအဆက် ►



အလိုက် သင်တန်းသား/သင်တန်းသူများက အားကစားသစ္စာ အဓိဋ္ဌာန်အား သံပြိုင်ရွတ်ဆိုခဲ့ပြီး သင်တန်းသား/သင်တန်းသူများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခြင်းနှင့် အားကစားသရုပ်ပြ အဖွဲ့များဖြစ်သည့် မြန်မာ့သိုင်း၊ တိုက်ကွမ်ဒို၊ ဝူရှူးနှင့် ရိုးရာခြင်းလုံး အားကစားအဖွဲ့တို့က အသီးသီးသရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပြည်ထောင်စုနယ်မြေ မြို့နယ် (၈) မြို့နယ်တို့အတွက် အားကစားပစ္စည်းများကို တာဝန်ရှိသူများက အသီးသီးထောက်ပံ့ပေးအပ်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကျင်းပ






နေပြည်တော်၊ မတ် ၁၃

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ အားကစားလေ့ကျင့်ရေးစခန်း၊ ဘက်စုံသုံးခန်းမ၌ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တွင် တက်ရောက်ခဲ့သည့် Speaker နှင့် လူငယ်ကိုယ်စားလှယ်များ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ အသက် ၃၅ နှစ်အောက် ဝန်ထမ်းလူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ဝန်ကြီးဌာနအတွင်းရှိဝန်ထမ်းများ သိရှိနိုင်ရန် ထပ်ဆင့်ရှင်းလင်းပြောကြားသည့် အခမ်းအနားဖြစ်ကြောင်း၊ ၎င်းဖိုရမ်တွင် ပါရဂူဘွဲ့ (၅) ဦး၊ ဘွဲ့ကြိုဘွဲ့ (၂၁၆) ဦး၊ ဘွဲ့လွန်ဘွဲ့ (၅၈) ဦး၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ (၁၆) ဦး၊ ဒီပလိုမာနှင့် အခြား သင်တန်းသား (၂၅) ဦး၊ စုစုပေါင်း (၃၂၀) ဦး လူငယ်ကိုယ်စားလှယ်များ၊ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလူငယ် ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားထားသူများ စုစုပေါင်းအင်အား (၁၀၃၄) ဦး တက်ရောက်ခဲ့ကြကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားများကို တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးတွင် ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို " ငြိမ်းချမ်းရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ပေး"ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးတွင် ထဲထဲဝင်ဝင်ပါဝင်လာစေရန်၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းတည်ငြိမ်ရေးတွင် လူငယ်များ၏ ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရန်၊ ငြိမ်းချမ်းသည့် အသိုက်အဝန်းများတွင် အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲအလွန်ကာလများတွင် လူငယ်များ၏လက်တွေ့ကျသည့် အခန်းကဏ္ဍကို ဖော်ဆောင်နိုင်စေရန် ရည်ရွယ်ချက်များနှင့် ကျင်းပပေးခြင်းဖြစ်၍ အနာဂတ်လူငယ်များအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည့် ဖိုရမ်တစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအရ လူငယ်များအနေဖြင့် မှန်ကန်သည့်အတွေးအမြင်၊ ခံစားချက်၊ ယုံကြည်ချက်၊ ခံယူချက်များသည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ရယူနိုင်ရေးအတွက် အရေးပါသည့် စွမ်းအားများဖြစ်ကြောင်း၊ လူငယ်များ၏ တက်ကြွသည့်စိတ်၊ သင်ကြားထားသည့် အတတ်ပညာ၊ လူကြီးများ၏ အတွေ့အကြုံများနှင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများကို ပေါင်းစပ်ပြီး ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်၏ အဓိကအရေးကြီးဆုံးမှာ လူငယ်ကွန်ယက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ယက်အလိုက် စီမံချက်၊ အဆိုပြုချက်၊ တင်ပြဆွေးနွေးချက်များ ဆောင်ရွက်ခဲ့ကြကြောင်း၊ ဒေသအလိုက် လူငယ်ကွန်ရက်များကို ဖွဲ့စည်းနိုင်ရန် လူငယ်များ၏ ပေါင်းစည်းအားများကို ပိုမိုအားကောင်းလာစေပြီး လူငယ်များ၏ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို မွေးမြူပေးနိုင်စေရန် ပထမရည်ရွယ်ချက်ဖြစ်ပြီး ကဏ္ဍပေါင်းစုံမှ လူငယ်များစုစည်းပြီး ကွန်ရက်များချိတ်ဆက်ခြင်းဖြင့် အလားအလာကောင်းများကို ဖန်တီးနိုင်စေပြီး အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စေရေး တွန်းအားပေးနိုင်ရန်နှင့် လူငယ်များအချင်းချင်း အတွေ့အကြုံဗဟုသုတ၊ သဘောထားအမြင်များကို အပြန်အလှန်မျှဝေဖလှယ်ပြီး ၂၁ ရာစု၏ အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းကောင်းများ တစ်စုတစ်စည်း တည်းဖော်ထုတ်စေနိုင်မည်ဖြစ်၍ လူငယ်များအတွက် အခွင့်အလမ်းများသာမက သက်ဆိုင်ရာဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ဖန်တီးပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့် လူငယ်များအချင်းချင်း သတင်းအချက် အလက်များကို

စာမျက်နှာ ၁၄ သို့ ►

စာမျက်နှာ ၁၂ မှအဆက် ►

ရေကူးသင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်၊ အမှတ်တရဂုဏ်ပြု လက်ဆောင်များနှင့် သင်တန်းနည်းပြ ဆရာများအား ဂုဏ်ပြုချီးမြှင့်ငွေများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦးကလည်းကောင်း၊ အသက်(၁၂)နှစ်အောက် အမျိုးသား/အမျိုးသမီး နွေရာသီအခြေခံရေကူးသင်တန်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမှတ်တရဂုဏ်ပြုလက်ဆောင်များကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမင်းထွန်းက လည်းကောင်း၊ နွေရာသီ အခြေခံရေကူးသင်တန်း သက်တမ်းအလိုက် အမျိုးသား/အမျိုးသမီးပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သည့် သင်တန်းသား/သင်တန်းသူများအား ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် အခမဲ့ရေကူးခွင့် Member Card များကို အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးကလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီးနောက် သင်တန်းသား/သင်တန်းသူများ၏ သရုပ်ပြရေကူးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

# ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်အားကစားကွင်းနှင့် ဥတ္တရသီရိခရိုင်အတွင်းရှိ ဥတ္တရသီရိမြို့နယ် အားကစားကွင်း ဘောလုံးကွင်းဖောက်လုပ်နေမှု၊ ခြံစည်းရိုးအုတ်တံတိုင်း ကာရံနေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး





နေပြည်တော်၊ မတ် ၁၆

အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်အားကစားကွင်းနှင့် ဥတ္တရသီရိခရိုင်အတွင်းရှိ ဥတ္တရသီရိမြို့နယ် အားကစားကွင်းဘောလုံးကွင်းဖောက်လုပ်နေမှု၊ ပွဲကြည့်စင်တည်ဆောက်နေမှုနှင့် ခြံစည်းရိုးအုတ်တံတိုင်းကာရံနေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် ရွှေကြာပင်အားကစားကွင်းသို့ သွားရောက်၍ မန္တလေးလျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရွှေကြာပင်အားကစားကွင်းအတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံး ငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ Synthetic ပြေးလမ်းအသစ် ခင်းကျင်းပြီးစီးမှု၊ မြက်ခင်းပြန်လည် စိုက်ပျိုးပြီးစီးမှုနှင့် မြက်ခင်းများစိမ်းလန်းစေရေးအတွက် Spinkler ရေဖျန်းစနစ် တပ်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အရည်အသွေးစစ်ဆေးသည့် QC ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်စေသည့်အချက်များနှင့် လိုအပ်သည့်အပိုင်းများကို ပြန်လည် ပြင်ဆင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း သတ်မှတ်စံချိန်၊ စံညွှန်း အရည်အသွေးပြည့်မီမှသာ လုပ်ငန်းလွှဲပြောင်းလက်ခံခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်သည် ဥတ္တရသီရိမြို့နယ် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်း ငါးရိုး ရေစိမ့်မြောင်းဖောက်လုပ်ခြင်း၊ ဘောလုံးကွင်းကြမ်းဖောက်လုပ်ခြင်း၊ ကွင်းကျောက်ခင်းခြင်းလုပ်ငန်း၊ ပေ ၁၅၀ x ၄၀ အနောက်ဘက် ပွဲကြည့်စင်တည်ဆောက်နေမှုနှင့် ပေ ၂၂၀၀ ခြံစည်းရိုး ကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ခြံစည်းရိုးအုတ်တံတိုင်းနှင့် အားကစားကွင်း ရေရှည်တည်တံ့ပြီး မပျက်စီးစေရေးအတွက် ရေစိမ့်မြောင်းများ၊ ရေလွှဲမြောင်းများနှင့် ရေထိန်းတိုင်များကို မဖြစ်မနေဂရုစိုက်ထည့်သွင်းပြီး တည်ဆောက်သွားရန်လိုကြောင်း၊ သတ်မှတ်စံချိန်/စံညွှန်းပြည့်မီပြီး အရည်အသွေးကောင်းမွန်စေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးတို့အတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ရှိသူများက စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

---

စာမျက်နှာ ၁၃ မှအဆက် ►



အပြန်အလှန် မျှဝေနိုင်ခဲ့ကြသည့်အတွက် "လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆"သည် လူငယ်များနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး အစီအစဉ်အရ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တွင် Speaker အဖြစ် တက်ရောက်ခဲ့ကြသည့် ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမြကအားကစားနှင့်ငြိမ်းချမ်းရေး ချိတ်ဆက်နိုင်မှု အကြောင်းကိုလည်းကောင်း၊ လူငယ်ကိုယ်စားလှယ်များအဖြစ် တက်ရောက်ခဲ့ကြသည့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်သက်စုဝေဖြိုးက အားကစား၊ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးမှ ငြိမ်းချမ်းရေးဆီသို့ အကြောင်းကိုလည်းကောင်း၊ အားကစားမှူး ဦးအောင်မြတ်ကိုကိုက လူငယ်ငြိမ်းချမ်းရေးဖိုရမ် အတွေ့အကြုံများနှင့် ငြိမ်းချမ်းရေးသည် အသင်းအဖွဲ့အလိုက် စုပေါင်းဆောင်ရွက်ရသည့် ကဏ္ဍတစ်ခုဖြစ်၍ ငြိမ်းချမ်းရေးကို အားကစားဖြင့် တည်ဆောက်ခြင်းအကြောင်းကိုလည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဟယ်လီစိုးက ဒေသအလိုက် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် ငြိမ်းချမ်းရေးဆီသို့ အကြောင်းကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ခင်မေဘရဏီညွှန့်က ဘက်မလိုက်သည့် သတင်းအမှန်ပြန်ကြားခြင်းဖြင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဆီသို့ အကြောင်းကိုလည်းကောင်း ဖိုရမ်တွင် ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည့် အတွေ့အကြုံများကို အသီးသီး ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသော်အေးတို့က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားတွင် ပါဝင်ဆွေးနွေးပေးခဲ့ကြသည့် လူငယ်ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီးနောက် ဝန်ထမ်းလူငယ်ကိုယ်စားလှယ်များက အုပ်စုဖွဲ့ဆွေးနွေးခြင်းများနှင့် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များအပေါ် အကြံပြုချက်များကို အဖွဲ့လိုက်ပြန်လည်တင်ပြဆွေးနွေးခဲ့ကြပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကျင်းပ







နေပြည်တော်၊ မတ် ၂၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိ Gold Medal Hall ၌ ကျင်းပခဲ့ရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညဏ်ဇော်ဦး၊ နှင့်တာဝန်ရှိသူများ ဌာနခွဲများမှ အရာထမ်း/အမှုထမ်းများနှင့် မီးသတ်ဦးစီးဌာန ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဦးစွာ နေပြည်တော်၊ ဒက္ခိဏခရိုင် မီးသတ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်က နိုင်ငံတော်ပိုင် အဆောက်အဦများ၊ ရုံးများ၊ ပြည်သူပိုင်အဆောက်အဦများနှင့် အိမ်ရာများကို သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ပေါ့ဆမီးများကြောင့်လည်းကောင်း ပျက်စီးဆုံးရှုံးမှုများမဖြစ်စေရန်နှင့် ပျက်စီးမှုများမှ အမြန်ဆုံး တားဆီးကာကွယ်ပေးနိုင်စေရန်အတွက် ရည်ရွယ်၍ ယခုဟောပြောပွဲနှင့် သရုပ်ပြလက်တွေ့လေ့ကျင့်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ မီးသတ်ဦးစီးဌာန၏ ဆောင်ပုဒ်တစ်ခုဖြစ်သည့် မြန် ၃ မြန် (မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်သတ်) ဆိုသည့်အတိုင်း ဆောင်ပုဒ်ကို လိုက်နာကျင့်သုံးပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများတွင်လည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန် သိသင့်သိထိုက်သည့် အကြောင်းအရာများ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် လုပ်ငန်းစဉ်များ၊ အမြန်ဆုံးတားဆီး ကာကွယ်နိုင်စေရေးအတွက် အသုံးပြုလျက်ရှိသည့် နည်းလမ်းများ၊ System များ၊ စောင့်ကြည့်ကင်မရာများ၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ မီးသတ်ဆေးဘူးများ ကောင်း/မကောင်း စစ်ဆေးနည်းနှင့် အသုံးပြုနည်းများအကြောင်း သိကောင်းစရာများကို ဝန်ထမ်းများ ဗဟုသုတရရှိစေရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ညွှန်ကြားရေးမှူးချုပ်က အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလက်တွေ့ သင်ကြားပေးခဲ့သည့် မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ပြီးနောက် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား လက်တွေ့သရုပ်ပြသခြင်းနှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်မှုများကို ဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

# အိပ်မက်တွေရဲ့ပန်းတိုင်ဆီ

အောင်သူ

လူတိုင်းမှာ အိပ်မက်တွေရှိကြပါတယ်။ တစ်ယောက်က ဆရာဝန်ဖြစ်ချင်တယ်၊ တစ်ယောက်ကအင်ဂျင်နီယာဖြစ်ချင်တယ်၊ နောက်တစ်ယောက်က အနုပညာရှင်ဖြစ်ချင်တယ်။ ဒါပေမဲ့ အားကစားသမားတစ်ယောက်ရဲ့ အိပ်မက်ကတော့ အားကစားကွင်းထဲမှာ ထွန်းလင်းတောက်ပဖို့၊ ရွှေတံဆိပ်ဆုကို ရင်ခွင်ထဲပိုက်ဖို့၊ ကိုယ်စားပြုတဲ့နိုင်ငံအတွက် ဂုဏ်ယူစရာတွေ ဖန်တီးပေးဖို့ပါပဲ။ အိပ်မက်တွေရဲ့ပန်းတိုင်ဆီဆိုတာ ခရီးတစ်ခုပါ။ အဲဒီခရီးဟာ လွယ်ကူတဲ့ခရီး မဟုတ်သလို ချောမွေ့တဲ့လမ်းလည်းမဟုတ်ဘူး။ ဒါပေမဲ့ ဒီခရီးကိုဖြတ်သန်းပြီးတဲ့အခါ ရောက်ရှိလာတဲ့ ပန်းတိုင်ရဲ့တန်ဖိုးဟာ ဘယ်အရာနဲ့မှ လဲလှယ်လို့မရတဲ့ အဖိုးတန်ဆုလက်ဆောင်တစ်ခုပါပဲ။

**အိပ်မက်ရဲ့အစ**

အားကစားသမားတိုင်းရဲ့ ခရီးစဉ်ဟာ အိပ်မက်တစ်ခုနဲ့ စတင်ခဲ့တာပါ။ အဲဒီအိပ်မက်ဟာ တစ်ခါတစ်ရံမှာ ရိုးရိုးလေးပါပဲ။ ရွာထဲက ဘောလုံးကွင်းလေးမှာ သူငယ်ချင်းတွေနဲ့ ဘောလုံးကန်ရင်း “ငါ တစ်နေ့ နိုင်ငံ့ကိုယ်စားပြုကစားမယ်”လို့ စိတ်ကူးယဉ်မိတာ။ တီဗွီကနေ အိုလံပစ်ပြိုင်ပွဲကိုကြည့်ရင်း “ငါလည်း အဲဒီလို ဖြစ်ချင်တယ်” လို့ အိပ်မက်မက်မိတာ။ ကျောင်းအားကစားပွဲမှာ ပထမဆုရပြီး ပရိသတ်ရဲ့ လက်ခုပ်သံတွေကြားရင်း “ဒီခံစားချက်ကို ဆက်လက်ခံစားချင်တယ်”လို့ တောင့်တမိတာ။

ဒီလိုရိုးရှင်းတဲ့ အိပ်မက်လေးတွေကနေ အားကစားသမားတစ်ယောက်ရဲ့ ခရီးစဉ်ဟာ စတင်ခဲ့တာပါ။ ဒီအိပ်မက်လေးဟာ သူ့ရင်ထဲမှာ မီးတောက်

စာမျက်နှာ ၁၆ သို့ ►

စာမျက်နှာ ၁၅ မှအဆက် ►

လေးတစ်ခုလို စတင်လောင်ကျွမ်းခဲ့တယ်။ ဒီမီးတောက် လေးဟာ နောင်လာမယ့်နှစ်တွေမှာ သူ့ကိုခွန်အားတွေ၊ ဖွဲလုံ့လတွေ၊ စွန့်လွှတ်အနစ်နာခံနိုင်စိတ်တွေပေးသွားမယ့် အရင်းအမြစ်ပါပဲ။

**ဖွဲလုံ့လရဲ့ နေ့ရက်တွေ**

အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးစဉ်မှာ အဓိကကျတဲ့အပိုင်းက ဖွဲလုံ့လပါပဲ။ အိပ်မက်ဆိုတာ အိပ်နေရုံနဲ့ ပြီးသွားတာမဟုတ်ဘူး။ အဲဒီအိပ်မက်ကို လက်တွေ့ဖြစ်အောင် နေ့စဉ်ကြိုးစား အားထုတ်မှုတွေ လိုအပ်တယ်။

အားကစားသမားတစ်ယောက်ရဲ့တစ်နေ့တာဟာ မနက်စောစော ထပြီးပြေးတာနဲ့စတယ်။ နေပူထဲမှာ၊ မိုးရွာထဲမှာ၊ လေတိုက်ခတ်မှု ထဲမှာ လေ့ကျင့်ခန်းတွေ လုပ်ရတယ်။ ကိုယ်လက်ကြွက်သားတွေ နာကျင်နေပေမယ့် လေ့ကျင့်မှုတွေဆက်လုပ်ရတယ်။ အားလပ် ရက်ဆိုတာ မရှိသလောက်ပါပဲ။ သူငယ်ချင်းတွေ ပျော်ပါးနေချိန်မှာ သူက အားကစားကွင်းထဲမှာ။ မိသားစုနဲ့ အတူရှိနေချိန်မှာ သူက လေ့ကျင့်ရေးစခန်းမှာ။ ဒါပေမဲ့ ဒီလိုနေ့စဉ်ကြိုးစားအားထုတ်မှုတွေ ဟာ သူ့ကို ပန်းတိုင်နဲ့ နီးကပ် လာစေတယ်။ ဒီဖွဲလုံ့လရဲ့ နေ့ရက် တွေဟာ အိပ်မက်ကို လက်တွေ့ဖြစ်လာစေတဲ့ လှေကားထစ်တွေ ပါပဲ။

**စွန့်လွှတ်အနစ်နာခံမှုတွေ**

အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးစဉ်မှာ စွန့်လွှတ်အနစ်နာခံမှုတွေ လည်း ရှိတတ်ပါတယ်။ ဒါတွေဟာ သေးငယ်တဲ့ စွန့်လွှတ်မှုတွေ ကနေ စတင်ပြီး တဖြည်းဖြည်း ပိုမိုကြီးမားတဲ့ စွန့်လွှတ်မှုတွေ အထိ ရောက်ရှိသွားတတ်ပါတယ်။အစပိုင်းမှာ ကိုယ်ကြိုက်တဲ့ အစား အသောက်တွေကို စွန့်လွှတ်ရတယ်။ ချိုချဉ်တွေ၊ အဆီများတဲ့ အစားအစာတွေ၊ ကိုယ်လက် လှုပ်ရှားမှုအတွက် မသင့်တော်တဲ့ အရာတွေ မကောင်းတဲ့အရာတွေကို ရှောင်ရတယ်။ ပြီးတော့ အချိန် တွေကို စွန့်လွှတ်ရတယ်။ အိပ်ချိန်၊ စားချိန်၊ အနားယူချိန်တွေကို အားကစားအတွက် စွန့်လွှတ်လိုက်ရတယ်။ နောက်ဆုံးမှာ လူမှု ဆက်ဆံရေးတွေကိုပါ စွန့်လွှတ်ရတယ်။ သူငယ်ချင်းတွေနဲ့ ပျော်ပါး ရတဲ့အချိန်တွေ၊ မိသားစုနဲ့ အတူရှိရတဲ့အချိန်တွေ၊ ချစ်သူနဲ့ အတူ နေရတဲ့ အချိန်တွေကို အားကစားအတွက် စွန့်လွှတ်လိုက်ရတယ်။ ဒီစွန့်လွှတ်မှုတွေဟာ အားကစားသမားတစ်ယောက်ရဲ့ ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ အပိုင်းတွေပါပဲ။ ဒါတွေကို စွန့်လွှတ်နိုင်မှသာ ပန်းတိုင်ကို အမှန်တကယ် ရောက်ရှိနိုင်မှာပါ။

**ကျရှုံးမှုတွေက သင်ပေးတဲ့ သင်ခန်းစာ**

အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးစဉ်ဟာ ကျရှုံးမှုတွေနဲ့လည်း ပြည့်နှက် နေတတ်ပါတယ်။ ပြိုင်ပွဲတစ်ခုမှာ ရှုံးနိမ့်လို့ ထွက်သွားရတဲ့အခါ၊ နှစ်ချီ လေ့ကျင့်ထားပေမယ့် လိုချင်တဲ့ရလဒ် မထွက်လာတဲ့အခါ၊ ဒဏ်ရာ တစ်ခုကြောင့် အရေးကြီးတဲ့ ပြိုင်ပွဲတစ်ခုကို လက်လွှတ်လိုက်ရတဲ့ အခါ အားကစားသမား တစ်ယောက်ရဲ့ စိတ်ထဲမှာ ဘယ်လိုခံစား ရမလဲဆိုတာ စဉ်းစားကြည့်ပါ။ ဒီလိုအချိန်မျိုးမှာ လက်လျှော့ချင် စိတ် ပေါ်တတ်ပါတယ်။ “ငါ ဒီလောက်ကြိုးစားလည်း အကျိုး မရှိဘူး” “ငါ့မှာ အရည်အချင်းမရှိဘူး” စတဲ့ အတွေးတွေ ဝင်လာ တတ်ပါတယ်။ ဒါပေမဲ့ အိပ်မက်တွေရဲ့ ပန်းတိုင်ကို ရောက်ရှိသွားတဲ့ အားကစားသမားတွေဟာ ဒီကျရှုံးမှုတွေကို သင်ခန်းစာအဖြစ် ယူတတ် ကြပါတယ်။ ကျရှုံးမှုတွေကသူတို့ရဲ့ အားနည်းချက်တွေကို ပြသပေး တယ်။ ဘယ်နေရာမှာ ပိုမိုကြိုးစားရမယ်ဆိုတာ သိစေတယ်။ ဒါကြောင့် ကျရှုံးမှုတွေဟာ အောင်မြင်မှုရဲ့ လှေကား ထစ်တွေပါပဲ။

**ပန်းတိုင်ရောက်တဲ့နေ့**

နောက်ဆုံးမှာ အိပ်မက်တွေရဲ့ ပန်းတိုင်ကို ရောက်ရှိသွားတဲ့နေ့ ရောက်လာပါတယ်။ အဲဒီနေ့မှာ အားကစားသမားတစ်ယောက်ဟာ သူအိပ်မက်မက်ခဲ့တဲ့ ပြိုင်ပွဲထဲမှာ ရပ်တည်နေတယ်။ သူ့ရှေ့မှာ ပရိသတ်ထောင်နဲ့ချီ၊ သူ့နောက်မှာ နိုင်ငံတစ်နိုင်ငံလုံး။ ပြိုင်ပွဲစတဲ့ အချိန်၊ သူ့ရဲ့ နှစ်ချီလေ့ကျင့်မှုတွေ၊ စွန့်လွှတ်မှုတွေ၊ ကျရှုံးမှုတွေ ကနေ ပြန်ထနိုင်ခဲ့တဲ့ အခိုက်အတန့်တွေ အားလုံး သူ့မျက်စိထဲ ပြန်ရောက်လာတယ်။ပြိုင်ပွဲပြီးသွားတဲ့အခါ၊ ရွှေတံဆိပ်ကို လည်မှာ ဆွဲမိသွားတဲ့အခါ၊ နိုင်ငံတော်သီချင်း တီးခတ်လာတဲ့အခါ သူ့မျက်လုံး တွေ စိုစွတ်လာတတ်တယ်။ ဒီအချိန်မှာ သူခံစားရတဲ့ ပီတိဟာ စကားလုံးတွေနဲ့ ဖွဲ့ဆိုလို့မရနိုင်ပါဘူး။ ဒီအချိန်ဟာ သူ့ဘဝရဲ့အဖိုး တန်ဆုံး အခိုက်အတန့်တစ်ခုပါပဲ။

**ပန်းတိုင်ရောက်ပြီးနောက်**

အိပ်မက်တွေရဲ့ ပန်းတိုင်ကို ရောက်ရှိသွားတဲ့အခါ အားကစားသမား တစ်ယောက်ရဲ့ ခရီးစဉ် ပြီးဆုံးသွားပြီလား။ မပြီးဆုံးသေးပါဘူး။ ဒီအောင်မြင်မှုဟာ သူ့အတွက် နောက်ထပ်ပန်းတိုင်တွေကို ချမှတ်ဖို့ လှုံ့ဆော်ပေးပါတယ်။ ဒီအောင်မြင်မှုကို ထိန်းသိမ်းဖို့၊ နောက်ထပ် ပြိုင်ပွဲတွေမှာ ဆက်လက်အောင်မြင်ဖို့ သူဆက်လက်ကြိုးစားရပါ မယ်။ ဒ့ါအပြင် ဒီအောင်မြင်မှုဟာ သူ့နောက်က လူငယ်တွေအတွက် စံနမူနာဖြစ်စေပါတယ်။ သူ့ကိုကြည့်ပြီး “ငါလည်း အိပ်မက်မက်ရဲ့၊ အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးဆက်ရဲ့”လို့ လူငယ်တွေစိတ်ဓာတ် ခိုင်မာလာစေပါတယ်။ ဒါကြောင့် အားကစားသမားတစ်ယောက်ရဲ့ အောင်မြင်မှုဟာ သူတစ်ယောက်တည်းအတွက်သာမက သူ့နောက် က လူငယ်တွေအတွက်ပါ မျှော်လင့်ချက်တစ်ခု ဖြစ်လာပါတယ်။

**မြန်မာ့အားကစားရဲ့ အိပ်မက်တွေ**

မြန်မာနိုင်ငံမှာလည်း အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးဆက်နေတဲ့ အားကစားသမားတွေ အများကြီးရှိပါတယ်။ သူတို့ဟာ အခြေခံ အဆောက်အအုံတွေ နည်းပါးတာ၊ နည်းပြအရည်အချင်း မပြည့်မီ တာ၊ ရန်ပုံငွေခက်ခဲတာတွေကြားထဲကမှ ကိုယ့်အိပ်မက်ကို ဆက်လက် မက်မနေနိုင်ကြပါဘူး။ သူတို့ဟာ နေ့စဉ်နံနက်စောစောထပြီး လေ့ကျင့် ကြတယ်။ နေပူထဲမှာ၊ မိုးရွာထဲမှာ လေ့ကျင့်ကြတယ်။ စွန့်လွှတ်မှုတွေ အများကြီးနဲ့ ရင်ဆိုင်နေကြရတယ်။ဒါပေမဲ့သူတို့ရဲ့ရင်ထဲမှာ အိပ်မက် ဆိုတဲ့ မီးတောက်လေးလောင်ကျွမ်းနေတယ်။ ဒီမီးတောက်လေးဟာ သူတို့ကိုရှေ့ဆက်ဖို့ ခွန်အားတွေပေးနေတယ်။ သူတို့ရဲ့ အိပ်မက်တွေဟာ တစ်နေ့ပန်းတိုင်ကို ရောက်ရှိလိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

**နိဂုံး**

အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးစဉ်ဟာ အားကစားသမားတိုင်းရဲ့ ဘဝမှာရှိတဲ့ ခရီးစဉ်တစ်ခုပါ။ ဒီခရီးစဉ်ဟာ လွယ်ကူတဲ့ခရီး မဟုတ် ပေမယ့် တန်ဖိုးရှိတဲ့ခရီးစဉ်တစ်ခုပါ။ဒီခရီးစဉ်မှာရှိတဲ့ အိပ်မက်တွေ၊ ဖွဲလုံ့လတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေ၊ ကျရှုံးမှုတွေကနေ ပြန်ထ နိုင်တဲ့ သတ္တိတွေဟာ အားကစားသမားတစ်ယောက်ရဲ့ ဘဝကို ပုံဖော်ပေးပါတယ်။ ဒီခရီးစဉ်ကို ဖြတ်သန်းနေတဲ့ အားကစားသမား တိုင်းဟာ သူတို့ရဲ့ ကိုယ်ပိုင်ပန်းတိုင်ကို ရှာဖွေနေကြတာပါပဲ။ ဒီခရီး စဉ်ကို စတင်နေတဲ့ လူငယ်တိုင်းကို ကျွန်တော်တို့ အားပေးကြရမှာ ပါ။အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးစဉ်မှာ အားပေးမှုတွေ၊ နားလည် မှုတွေ၊ ပံ့ပိုးမှုတွေရှိမှသာ သူတို့ရဲ့ ပန်းတိုင်ကို အမြန်ဆုံး ရောက်နိုင် ကြမှာပါ။ဒါကြောင့် အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးဆက်နေတဲ့ အားကစားသမားတွေကို ကျွန်တော်တို့ အားပေးကြရအောင်။ သူတို့ရဲ့ အိပ်မက်တွေဟာ မြန်မာ့အားကစားရဲ့ အနာဂတ်ကို ပုံဖော်ပေးနေ တာမို့ပါပဲ။ အိပ်မက်တွေရဲ့ ပန်းတိုင်ဆီ ခရီးစဉ်ဟာ ဘယ်တော့မှ မရပ်တန့်ပါစေနဲ့၊ အိပ်မက်တွေကို ဆက်လက်မက်မြဲမက်ပြီး ပန်းတိုင်ဆီ ဆက်လက်ခရီးဆက်ကြပါစို့.....

# ၂၀၂၅-၂၀၂၆ ဒုတိယ ၆ လပတ်အစည်းအဝေးနှင့် (Sustainable Sports Development) မြန်မာ့အားကစားစဉ်ဆက်မပြတ် တိုးတက်စေရေး

ရဲလွင်အောင်(YU)

၂၀၂၅ ခုနှစ် ဒုတိယ(၆)လပတ် အစည်းအဝေးကြီးကို (၉-၃-၂၀၂၆ )မှ (၁၀ - ၃-၂၀၂၆)နေ့ထိ နေပြည်တော်၊ ရုံးအမှတ်(၃၁)တွင် ကျင်းပပြီးစီးခဲ့ပါသည်။ယခုအကြိမ်ကျင်းပသည့် အစည်းအဝေးကြီးက ယခင်(၆)လပတ်များနှင့်မတူ တမူထူးခြားမှုရှိအောင် ဌာနအကြီးအကဲများက စီစဉ်ထားရှိမှုကို ယခုလ ရေးသားလိုပါသည်။

မိမိအနေဖြင့် ပြီးခဲ့သည့် ၂၀၂၅-၂၆ ပထမ (၆)လပတ် ကျင်းပစဉ်က နိုင်ငံတော် အကြီးအကဲက စာပေဆိုင်ရာအခမ်းအနားတစ်ခုတွင် မိန့်ကြားခဲ့သော မိန့်ခွန်းတစ်ခုမှ “စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ၊ ပညာတတ်၍ စာမဖတ်သူသည် ရပ်နေသည့်သူနှင့်တူ ကာ ပညာလည်းတတ်၊ စာလည်းဖတ်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ” ဟူသော စာစုလေးကို နှစ်ခြိုက်မိ၍ အဆိုပါစာစုကို စာပေဆိုင်ရာ အကျိုးပြုဆောင်ပုဒ်တစ်ခုအဖြစ် အားကစားနှင့်ကာယပညာသိပ္ပံများရှိ စာကြည့်တိုက်များတွင် Motto (ဆောင်ပုဒ်) အဖြစ် နံရံကပ် ဆောင်ပုဒ်များဖြစ်စေရေး တင်ပြကာ အတည်ပြုဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့်ယခုဒုတိယ(၆)လပတ် အစည်းအဝေးတွင် Outcome တစ်ရပ်အနေနှင့် အားကာ/သိပ္ပံများအတွက် ရမှတ်တစ်ခုအနေနှင့် ဆောင်ရွက်နိုင်ခဲ့၍ ပီတိဖြစ်မိသည်။

အား/ကာဦးစီးဌာနရုံးချုပ်တွင် ဌာနခွဲ(၈)ခု ရှိပါသည်။ အဆိုပါဌာနခွဲ(၈)ခုက ယခု(၆)လပတ်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ် အား/ကာဦးစီးဌာနများနှင့် အား/ကာသိပ္ပံများက ကြိုတင်ပေးပို့ထားသည့် Power Point များကို ကြိုတင်ကြည့်ရှုလေ့လာစေ၍ တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုခြင်းနှင့် အား/ကာသိပ္ပံများတစ်ကျောင်းခြင်းစီ၏ ဆောင်ရွက်ထားရှိမှုအပေါ် အားသာချက်၊ အားနည်းချက်၊ အကြံပြုချက်များ ဆောင်ရွက်ကာ စီမံဌာနခွဲသို့ ပေးပို့ထားစေသည်။ထို့အပြင် ဌာနခွဲများမှ အဆိုပါ တိုင်းဒေသကြီးနှင့်ပြည်နယ် အား/ကာဦးစီးဌာနများနှင့် အား/ကာသိပ္ပံများအတွက် အမှတ်ပေးစနစ်များစီစဉ်ထားစေသည်။

ဌာနခွဲအလိုက် ရမှတ်ပေးရေး သတ်မှတ်ပေးထားသည့် အမှတ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| ၁။ | စီမံ/ဘဏ္ဍာဌာနခွဲ - | (၁၅) မှတ် |
| ၂။ | ယှဉ်/လေ့(၁)ဌာနခွဲ- | (၂၀) မှတ် |
| ၃။ | ယှဉ်/လေ့(၂)ဌာနခွဲ - | (၂၀) မှတ် |
| ၄။ | ကွင်း/ရုံဌာနခွဲ - | (၁၅) မှတ် |
| ၅။ | လူထု/ပညာဌာနခွဲ - | (၁၀) မှတ် |
| ၆။ | အား/ပညာဌာနခွဲ - | (၁၀) မှတ် |
| ၇။ | စီ/သုဌာနခွဲ - | (၅) မှတ် |
| ၈။ | ဆေး/ဘက်ဌာနခွဲ - | (၅)မှတ် |

အဆိုပါရမှတ်များကို စုစည်း၍ တင်ပြဆောင်ရွက်ရန် မိမိတို့ လူထု/ပညာဌာနခွဲကို Focal တာဝန်ပေးထားသည်။ ထို့အပြင် ညွှန်ကြားရေးမှူးချုပ်က ဌာနခွဲများအလိုက် သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ Cross Check ဖြင့် ထပ်မံစိစစ်ရေး တာဝန်ပေးထားပါသည်။

မိမိဌာနခွဲအနေဖြင့် ရမှတ်(၁၀)မှတ်စီပေးရန် တာဝန်ပေးအပ်ခြင်းခံရသည်။ထိုသို့ ရမှတ်ပေးခြင်းသည် သာမာန်ဆောင်ရွက်ခိုင်းခြင်းမဟုတ်။ နိမ့်ကျနေသော မိမိတို့ အားကစားလောက ပြန်လည်ဦးမော့ရေးအတွက် အထောက်အပံ့ဖြစ်စေမည်။ နောင်တစ်ချိန်တစ်ဆင့်မြင့်ရာထူးအတွက် အဆင့်မြင့်အရာရှိကြီး ရွေးချယ်ခန့်အပ်ရာတွင် အားကစားလောကအတွက် မိမိတာဝန်ကျရာဒေသ၏ အားကစားတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူများထဲမှ မိမိနိုင်ငံအားကစားတိုးတက်မှုကို ဆောင်ရွက်နိုင်မည့်သူ ရွေးချယ်ရာမှာ အထောက်အကူပြုမည်ဆိုတာကို သဘောပေါက်မိသည်။

မိမိဌာနခွဲသည် လူထုအားကစားရေးရာကိစ္စများကို တာဝန်ယူဆောင်ရွက်ရသောဌာနဖြစ်သည်နှင့်အညီ မိမိတို့ဌာနခွဲကအကဲဖြတ်ပေးရမည့်အမှတ်များ Effectiveness ဖြစ်စေရန် လူထု/ပညာ ဌာနခွဲက Sports HR ကြီးများဖြစ်ကြသော ဦးနေမျိုး (ဒု-ညွှန်ကြားရေးမှူး)၊ ဒေါ်ဆွေဆွေသန့် (ဒု-ညွှန်ကြားရေးမှူး)၊ ဒေါ်အေးနန္ဒာကျော်(လက်ထွန်) နှင့် ဒေါ်မြမြခိုင်တို့အား တာဝန်ပေးခဲ့သည်။ သူတို့ စုပေါင်းတိုင်ပင်ချက်အရ လူထုအားကစားကို မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ အကြောင်းအရာများကို အမှတ်ပေးရေးတင်ပြလာမှုအပေါ် မိမိအနေဖြင့် ပြည်ထောင်စုဝန်ကြီး မိမိကို ညွှန်ကြားထားဖူးသည့် အားကစားကလောင်ရှင် နည်းပါးမှုအပေါ် အထောက်အပံ့ဖြစ်စေရေးအလို့ငှာ ယခုနှစ် အားကစားဆိုင်ရာ ဆောင်းပါးများရေးသားမှု၊ လစဉ်သတင်းလွှာတွင် ထည့်သွင်းရေးသားမှုအပေါ် အမှတ်ပေးရေး ဖြည့်စွက်အကြံပြုပေးခဲ့သည်။ ထို့အပြင် ယနေ့ အားကစားနှင့်ကာယပညာသိပ္ပံများ Cost Effective ဖြစ်စေရေး အထောက်အပံ့ဖြစ်စေမှုအတွက် ပညာရေးဖက်မှာတင်မက အားကစားဖက်မှာ ထူးချွန်မှုရှိသော ကျောင်းသား/ကျောင်းသူများ ပေါ်ထွက်ရေး ဦးတည်လျက် အဆိုပါကျောင်းများတွင် လစဉ် ပညာရည်တိုးတက်မှုနှင့် အားကစားတိုးတက်မှုကိုပါ အကဲဖြတ်ထားမှုရှိစေရေး ဦးတည်လျက် အဆိုပါအကြောင်းအရာအပေါ် ရမှတ်ပေးနိုင်ရေး ကြံဆကာ ထည့်သွင်းစေရေး အကြံပြုပေးခဲ့ပါသည်။

မိမိဌာနခွဲသည် လူထုအားကစား(Mass Sports )ကို တစ်ပြည်လုံးအတိုင်းအတာဖြင့် လှုံ့ဆော်ရေးကိစ္စများဆောင်ရွက်ရသလို တစ်ချို့သော ဌာနခွဲများသည် ထူးချွန်အားကစား( Excellent Sports ) ကို ဦးတည်ဆောင်ရွက်ရသည်။ တချို့သော ဌာနခွဲများမှာ Mass Sports အတွက်သာမကExcellent Sports ကိုပါ အောင်မြင်အောင်ဖြည့်စွမ်းဆောင်ရွက်ရသော သဘောသဘာဝနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရသည်ဟု ရိုးရှင်းစွာမြင်မိပါသည်။

မိမိယခင်တာဝန်ယူဆောင်ရွက်ခဲ့ဖူးသော “အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ” သည် အားကစားလောကတစ်ခုလုံးအတွက် သိပ္ပံနည်းကျစွာဖြင့် အားကစားစစ်တမ်းကောက်ခြင်း၊ အားကစားသုတေသနပြုခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရ၍ အဆိုပါဌာနခွဲအနေဖြင့် အမှတ်ပေးရာမှာမပါဘဲ မိမိတို့ဌာနခွဲ (၇) ခု၏ အမှတ်ပေးစနစ်များ မိမိဝန်ကြီးဌာန၏ ဦးတည်ချက်များ၊ အားကစားလောကနှင့် ပတ်သက်၍ အမှန်တကယ်အကျိုး ရှိ/မရှိ၊ အားသာချက်နှင့် အားနည်းချက်များကို ဖော်ထုတ်၍ ဌာနအကြီးအကဲများထံ သုံးသပ်ချက်/အကြံပြုချက်တင်ပြရန် တာဝန်ပေးသင့်သည်။ ဒါမှသာ နောင် ၆ လပတ်အစည်းအဝေးတွင် ယခုထက်ပို၍ ထိရောက်သော အကျိုးရလဒ်ရှိစေမည်ဟုမိမိအနေနှင့် ထင်မြင်မိပါသည်။

ယခုကဲ့သို့ ဆောင်ရွက်မှုသည် အားကစားနှင့်ကာယပညာဦးစီးဌာန၏ အားကစားတိုးတက်ရေးဆိုင်ရာဆောင်ရွက်မှု Sustainable Sports Development ကို အထောက်အကူပြုစေမည်ဟု အလေးအနက်ယုံကြည်မိပါကြောင်း ဌာနအကြီးအကဲများ၏ (၆) လပတ်ဆိုင်ရာ ဆောင်ရွက်ချက်ကို ဂုဏ်ပြုလျက် ယခုဆောင်းပါးကို ရေးသားဖော်ပြလိုက်ပါသည်။

# ၂၀၂၆ ခုနှစ်၊ နွေရာသီ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ







နေပြည်တော်၊ မတ် ၂၈

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆ ခုနှစ်၊ နွေရာသီ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ရှေးဦးပြုစုခြင်း (First Aid) သည် ထိခိုက်ဒဏ်ရာရရှိခြင်း၊ ရုတ်တရက်ဖျားနာခြင်းများ ကြုံလာရသည့်အခါတွင် ဆေးရုံ၊ ဆေးခန်းနှင့် ဆရာဝန် ဆီမရောက်ခင်ရရှိလာသည့် ပစ္စည်းကိရိယာများနှင့် အရေးပေါ် ကူညီစောင့်ရှောက်ပေးခြင်းဖြစ်ကြောင်း၊ အသက်အန္တရာယ်နှင့် နီးကပ်ချိန်တွင် ရှေးဦးပြုစုပေးခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ ရှေးဦးပြုစုသူတစ်ယောက် အနေဖြင့် အရေးပေါ်ကြုံတွေ့ရသည့် အခြေအနေတွင် စိတ်တည်ငြိမ်မှုရှိစွာ လုပ်ဆောင်နိုင်ခြင်း၊ အချိန်နှင့်အမျှ အရေးကြီးနေသည့်အတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်ချမှတ်ပြီး လျင်မြန်ဖြတ်လတ်မှုရှိခြင်း၊ အန္တရာယ်ဖြစ်ပေါ်နေသည့်လူနာကို စိတ်ပိုင်းဆိုင်ရာအရ အားပေးနှစ်သိမ့်ကူညီလိုစိတ်ရှိခြင်းစသည့် အရည်အချင်းများရှိရန် လိုအပ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်ကြမည့် ကျောင်းသား/ကျောင်းသူ လူငယ်များအနေဖြင့် မှန်ကန်သည့် ရှေးဦးပြုစုနည်းများကို သိထား၊ တတ်ထားမည်ဆိုလျှင် မိမိပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသည့် အရေးပေါ်အခြေအနေများတွင် မှန်ကန်သည့် ရှေးဦးပြုစုမှုနှင့် လူတစ်ဦး၊ တစ်ယောက်၏အသက်ကို ကယ်တင်



နိုင်မည်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှုများကို ပိုမိုဆိုးရွားမလာအောင် ကြိုတင်တားဆီး ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုသင်တန်းကရရှိလာမည့် အသိပညာနှင့်အတွေ့အကြုံများသည် လူမှုနယ်ပယ်နှင့် နေ့စဉ်ဘဝတွင် အမြဲတမ်းအသုံးဝင်နေမည်ဖြစ်ပြီး မိမိအတွက်သာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားပို့ချပေးမှုများကို သေသေချာချာ လေ့လာသင်ယူမှတ်သားပြီး နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တတ်စွမ်းသမျှသယ်ပိုး ဆောင်ရွက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားခဲ့ပြီးနောက် သုံးမြှောင့်ပတ်တီး၊ ရှေးဦးပြုစုခြင်းစာအုပ်နှင့် လက်ကမ်းစာစောင်တို့ကို နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုကပေးအပ်ခဲ့ရာ နေပြည်တော်ပညာရေးမှူး ဒေါက်တာကျော်လွင်က လက်ခံရယူခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ နွေရာသီရှေးဦးပြုစုခြင်းသင်တန်းကို ၂၀၂၆ ခုနှစ် မတ်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဆရာ/ဆရာမများက ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်(၈)မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား/ကျောင်းသူလူငယ်များကို နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃)အခြေခံပညာ အထက်တန်းကျောင်း၌ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**